# သင်၏ အသိုင်းအဝိုင်း ပါဝင်လုပ်ရှားမှု

## ကျွန်ုပ်တို့ မည်သို့ ကူညီနိုင်သည်နည်း

**၄ ဖြို ၂၀၁၁**

Community - Burmese

စကော့တလန်တွင် ဘဝသစ်ထူထောင်ပြီး နေသားကျရန် ခက်ခဲနိုင်သော်လည်း သင့်အား ကူညီမည့်အဖွဲ့များစွာရှိပါသည်။ အများအားဖြင့်သည် ကျွန်ုပ်တို့ မှ ပံ့ပိုးနေသောအဖွဲ့ များဖြစ်ပြီး အဆင်ပြေအကွက်ကြသော နေရာများတွင် တည်ရှိပါသည်။

HAPPY TO TRANSLATE

### ကျွန်ုပ်တို့ အဖွဲ့ ၏ အသိုင်းအဝိုင်းပါဝင်လုပ်ဆောင်မည့်ဝန်ထမ်းသည် မည်သို့ ကူညီနိုင်မည်နည်း။

မိမိတို့ ၏ ကိုယ်ပိုင်အဖွဲ့ အစည်းတည်ထောင်လိုသည့် ခိုလှုံသူနှင့် ဒုက္ခသည်များအတွက် ကျွန်ုပ်တို့ အုပ်စုသည် အကြံဉာဏ်နှင့် လိုအပ်သော သတင်းအချက်အလက်များ ရှာဖွေပေးပါသည်။ ကျွန်ုပ်တို့ သည် ခိုလှုံသူများနှင့် ဒုက္ခသည်များအား ဆောင်ရွက်ပြုလုပ်ပေးသော ရပ်ကွက်အသိုင်းအဝိုင်းအဖွဲ့ များ၊ ဒုက္ခသည်အချင်းချင်း ယိုင်းပင်းကူညီမှ သိပ်သည်းမှုတို့ ကို တိုးမြှင့်ပေးသော အဖွဲ့ များသို့ လည်း အကြံပေး ပါသည်။

ဒုက္ခသည်များဆိုင်ရာအဖွဲ့ အစည်းများနှင့် အဖွဲ့ ဝင်များသည် စကော့တလန်၏ အသိုင်းအဝိုင်းအဆင့်ဆင့်တွင် ပြောဆိုပိုင်ခွင့်ရှိရန် ကျွန်ုပ်တို့ မှ ကြပ်မတ်လုပ်ဆောင်ပေးပါသည်။

ကျွန်ုပ်တို့ သည် မြို့ နယ်ရပ်ကွက်တွင်း ခိုလှုံသူများနှင့် ဒုက္ခသည်များအား အကြံဉာဏ်ပေးခြင်း၊ အချက်အလက်ရှာဖွေပေးခြင်းများ ပြုလုပ်ပေးပါသည်။ ဒုက္ခသည်များဆိုင်ရာအဖွဲ့ အစည်းများ နှင့် ခိုလှုံသူနှင့် ဒုက္ခသည်များအား လုပ်ဆောင်ပေးမှုများ၊ အကြံပေးခြင်း အချက်အလက်ရှာဖွေပေးသည့် ကွန်အဖွဲ့ များအကြောင်း ပြောပြခြင်း စာရွက်စာတမ်းပေးခြင်းများ ပြုလုပ် နိုင်ပါသည်။

ဒုက္ခသည်များဆိုင်ရာအဖွဲ့ အစည်းများကို ပံ့ပိုးမှုပြုနေပြီး ကျွန်ုပ်တို့ နှင့် လည်းဆက်နွယ်နေသော အခြား အေဂျင်စီများ၊ အလုပ်အဖွဲ့ များနှင့်လည်း သင့်အား ကျွန်ုပ်တို့ သည် မိတ်ဆက်ပေးနိုင်ပါသည်။

### ဒုက္ခသည် အသိုင်းအဝိုင်းအဖွဲ့ (RCO) များ

စကော့တလန်ရှိ ဒုက္ခသည်များစွာတို့ သည် မိမိတို့ ၏ သီးသန့် အသိုင်းအဝိုင်းများ ဖွဲ့ စည်းထားကြပါသည်။ထိုအဖွဲ့ များတွင် အမိနိုင်ငံမှ လူများနှင့် တွေ့ ဆုံခွင့်ရကြပြီး အတွေ့ အကြုံနှင့် အခက်အခဲများ ဖယှယ်နိုင်ကာ ပြဿနာများကိုလည်း ပူးပေါင်းဖြေရှင်းနိုင်ကြပါသည်။ အမျိုးသမီးသက်သက် သီးသန့်အသင်းအဖွဲ့ များလည်းရှိပြီး၊ အမျိုးသမီးများအချင်းချင်း မိမိတို့၏ သီးခြားအတွေ့ အကြုံများကို ဖလှယ်နိုင်ပြီး တူညီသော ပြဿနာ အခက်အခဲ ပူပန်မှု ရှိသူတို့ အား ပံ့ပိုးမှုပေးနိုင်သည်။ ထိုအဖွဲ့ များသည် သင့်အား အနီးအနားရှိ သင်၏အသိုင်းအဝိုင်းတွင် ပါဝင်လုပ်ရှားမှုပြုနိုင်ရန် နှင့် မိမိတို့ ၏ တူညီသော ဓလေ့ထုံးစံ ယဉ်ကျေးမှုများတွင် အတူပါဝင်ကျင်းပ ပံ့ပိုးကူညီနိုင်ကြပါသည်။

### အချက်အလက် ဆက်လက်ရှာဖွေရန်

RCO များအကြောင်း အပါအဝင် ပိုမိုသိရှိရန် ကျွန်ုပ်တို့ ၏ ဝက်ဘ်စိုက်သို့ သွားပါ။

http://www.scottishrefugeecouncil.org.uk/how_we_can_help/i_want_to_get_involved_in_my_community/refugee_community_organisations

## ပူးပေါင်းဆက်သွယ်သည့်ကွန်အဖွဲ့ များ

ဂလာ့စ်ဂိုရှိ အနီးကပ်ပူးပေါင်းဆက်သွယ်သည့်ကွန်အဖွဲ့ များသည် မိမိတို့ မြို့နယ်ရပ်ကွက်များအတွင်းနေထိုင်သူ ခိုလှုံခွင့်လျှောက်ထားသူများနှင့် ဒုက္ခသည်များအား ကူညီမှုများ စီစဉ်ဆောင်ရွက်ပေးသည့် ဒေသခံအေဂျင်စီ အဖွဲ့ စုများ၊ အသိုင်းအဝိုင်း အဖွဲ့ များနှင့် စေတနာ့ဝန်ထမ်းများ ဖြစ်ကြသည်။

လုပ်ဆောင်ပေးချက်များတွင် သတင်းအချက်အလက်ရှာဖွေစုဆောင်းပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ အင်္ဂလိပ်စာသင်ကြားပို့ ချခြင်း၊ ခလေးများ၊ လူကြီးများ အားကစားခြင်း၊ ကိုယ်လက်လုပ်ရှားမှုများ၊ သင်တန်းများ၊ အမျိုးသမီးများအတွက်သက်သက် အမျိုးသမီးသီးသန့် ဆောင်ရွက်ပေးမှုများ၊ လုပ်ရှားမှုများ၊ ရိုးရာယဉ်ကျေးမှုအစီအစဉ်များ၊ စိတ်ဝေဒနာနှင် လက်တွေ့ အကူအညီများ စသည့် ကြိုတင်ရက်ချိန်းမယူဘဲ ပါဝင်လုပ်ရှားလုပ်ဆောင်နိုင်မှုများ ပါရှိ နိုင်ပါသည်။

## ဆက်လက်ရှာဖွေရန်

ဂလာ့စ်ဂိုမြို့ ရှိ အနီးကပ်ဆက်စပ်ကွန်အဖွဲ့ များ Integration Networks in Glasgow ၏ ဆက်သွယ်ရန် အချက်အလက်များလည်းပါဝင်သည့် ကျွန်ုပ်တို့ ၏ ဝက်ဘ်စိုက်တွင် ထပ်ဆင့်လေ့လာပါ။

http://www.scottishrefugeecouncil.org.uk/how_we_can_help/i_want_to_get_involved_in_my_community/integration_networks

## အသိုင်းအဝိုင်းများတွင် ပါဝင်လုပ်ဆောင်မည့် ကျွန်ုပ်တို့ ၏ဝန်ထမ်းအား ဆက်သွယ်ရန်နည်း။

ကျွန်ုပ်တို့ အား cdenquires@scottishrefugeecouncil.org.uk

သို့ အီးမေးလ်ပို့ ခြင်း၊ သို့ မဟုတ် ၀၁၄၁ ၂၄၈ ၉၇၉၉ သို ဖုံးဆက်၍ အဖွဲ့ ဝင်တဦးဦးနှင့် ဖုံးပြောနိုင်ပါသည်။

ကျွန်ုပ်တို့ အဖွဲ့ ငယ်သည် သေးငယ်ပြီး ဆောင်ရွက်ပေးနိုင်မှုသည်လည်း ကန့် သတ်ထားပါသည်။ သို့ ပါ၍ သင်၏ စုံစမ်းချက်များကို ချက်ချင်း မတုန့်ပြန်နိုင်သည့်အခါများလည်းရှိတတ်ပါသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်တို့ သည် သင့်အား တတ်နိုင်သ၍ အမြန်ဆုံး ပြန်လည်ဆက်သွယ်ပါမည်။